ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၂၅ / ၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်
( ၂၀၂၁ ခုနှစ်၊ မတ်လ ၈ ရက် )

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ယန္တရားများနှင့် လုပ်ငန်းသုံးယန္တရားများအား အရောင်းပြခန်း (Show Room) များတွင် ရောင်းချရန် တင်သွင်းရာ၌ အောက်ဖော်ပြပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) ယန္တရားအရောင်းပြခန်းဖွင့်လှစ်ရန် မြန်မာနိုင်ငံသားကဖြစ်စေ၊ မြန်မာနိုင်ငံသားနှင့်နိုင်ငံခြားသားဖက်စပ်ဆောင်ရွက်ခြင်းဖြင့် ဖြစ်စေ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ဝန်ဆောင်မှုကုမ္ပဏီအဖြစ် မှတ်ပုံတင်လက်မှတ်ရရှိထားသည့် ကုမ္ပဏီဖြစ်ရမည်ဖြစ်ပြီး ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်းနှင့်စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်ခြင်း ဆောင်ရွက်ပြီးဖြစ်ရမည်။ ၎င်းကုမ္ပဏီသည်နိုင်ငံခြားရှိ ပင်ရင်းကုမ္ပဏီမှဖြစ်စေ၊ ဒေသဆိုင်ရာ (Regional Office) မှဖြစ်စေ၊ စက်ယန္တရားအသစ်များဖြန့်ဖြူးရောင်းချရေးကိုယ်စားလှယ် (Distributorship) ဖြင့်တရားဝင်ခန့်အပ်ခြင်း ခံရသူဖြစ်ရမည်။

( ခ ) မော်တော်ယာဉ်အရောင်းစင်တာ ဖွင့်လှစ်ခွင့်ဆောင်ရွက်နေသည့် ကုမ္ပဏီများသည်ပြည်တွင်းအခွန်များဦးစီးဌာနတွင် အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်တင်ပြမှသာ လုပ်ငန်းဆောင်ရွက်ခွင့်ပြုမည်။

( ဂ ) ယန္တရားအရောင်းပြခန်း ဖွင့်လှစ်မည့် ကုမ္ပဏီသည် တစ်ဖက်ကုန်ရောင်းသည့်ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုရမည်။

(ဃ) ယန္တရားအရောင်းပြခန်း ဖွင့်လှစ်မည့် ကုမ္ပဏီသည် တစ်ဖက်ကုန်ရောင်းသည့်ကုမ္ပဏီနှင့် ချုပ်ဆိုထားသည့် စာချုပ်ကိုတင်ပြ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ရမည်။

( င ) ယန္တရားအရောင်းပြခန်း ဖွင့်လှစ်ဆောင်ရွက်မည့် ကုမ္ပဏီသည် အာမခံငွေ (Deposit) အဖြစ် မြန်မာကျပ်ငွေ သိန်း ၁၀၀၀ ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့် ဘဏ်တွင် သီးခြားငွေစာရင်း ဖွင့်လှစ်၍ ထည့်သွင်းသိမ်းဆည်းထားရမည်။

(စ) တင်သွင်းလာမည့် ယန္တရားများ၏ ထုတ်လုပ်ခုနှစ် (Model Year) သည် လက်ရှိရောက်ရှိသည့်ခုနှစ်မှ (၃) နှစ်အတွင်း အသုံးမပြုရသေးသော ယန္တရားဖြစ်ရမည်။

(ဆ) အရောင်းပြခန်းတွင် ရောင်းချမည့် ယန္တရားများကို တင်သွင်းရာတွင် ငွေလွှဲစာတမ်းဖြင့် ပေးချေသည့်စနစ် (Letter of Credit – LC) သို့မဟုတ် ကြေးနန်းငွေလွှဲပို့နည်းစနစ် (Telegraphic Transfer – TT) ဖြင့် တင်သွင်းနိုင်သည်။

(ဇ) ယန္တရားများကို တင်သွင်းရာတွင် တင်သွင်းခွင့်ပြုသည့် လိုင်စင်သက်တမ်းကာလအတွင်း ဆိပ်ကမ်း သို့မဟုတ် သက်ဆိုင်ရာနယ်စပ်ကုန်သွယ်ရေးစခန်းအရောက် တင်သွင်းရမည်။

(ဈ) ယန္တရားအရောင်းပြခန်းများတွင် ရောင်းချရန်တင်သွင်းလိုသည့် ယန္တရားအရေအတွက်နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သတ်မှတ်သည့် အရေအတွက်အတိုင်းသာ တင်သွင်းရမည်။

(ည) တင်သွင်းလာသော ယန္တရားများကိုသတ်မှတ်ထားသော ယန္တရားအရောင်းပြခန်းတွင်သာ ထားရှိရမည်။ ယင်းအရောင်းပြခန်းတွင် ဝယ်သူအားရောင်းချခြင်းမပြုမီ လမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်း လုံးဝမပြုလုပ်ရ။

(ဋ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာစည်ပင်သာယာရေး အဖွဲ့များထံမှ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားရမည်။ ယင်းသို့လျှောက်ထားစဉ်ကာလအတွင်း အခြားအခြေခံအချက်များပြည့်စုံပြီးဖြစ်ပါက သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မှန်ကန်ကြောင်းထောက်ခံချက်ဖြင့် (၆) လ ယာယီခွင့်ပြုနိုင်သည်။

(ဌ) အရောင်းပြခန်း၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် မူတည်၍ စက်ယန္တရား/ ယန္တရားအမှတ်တံဆိပ် (Brand) ကို တစ်မျိုးထက်ပိုမို၍ စိစစ်ဆောင်ရွက်ခွင့်ပြုမည်။

(ဍ) အရောင်းပြခန်းများတွင် ရောင်းချရန်အတွက် တင်သွင်းလိုသည့်ယန္တရားအရေအတွက်နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သတ်မှတ်သည့် အရေအတွက်အတိုင်းသာ တင်သွင်းရမည်။

(ဎ) တင်သွင်းလာမည့် လုပ်ငန်းသုံးယန္တရားများ၏ ယာဉ်အလေးချိန် (Vehicle Weight) နှင့်စပ်လျဉ်း၍ တန် ၆၀ ထက်မပိုသော ယာဉ်များကိုသာ ခွင့်ပြုမည်။

(ဏ) ချိန်းတပ်ယန္တရားများကို သယ်ယူပြောင်းရွှေ့ရာတွင် လမ်းတံတားများ မပျက်စီးစေရန်အတွက် ဝန်တင်ယာဉ် (Transporter) ဖြင့်သာ သယ်ဆောင်ရမည်။

(တ) ချိန်းတပ်ယန္တရားများနှင့် ၎င်းတို့ကို သယ်ယူပို့ဆောင်သည့် ဝန်တင်ယာဉ် (၂) မျိုးပေါင်း အလေးချိန်သည် လမ်းတံတားများ ခံနိုင်ဝန်တန် ၆၀ ထက် ကျော်လွန်ခြင်းမရှိရ။ တန် ၆၀ အထက်ကျော်လွန်ပါက အပိုင်းလိုက်ဖြုတ်၍ ယာဉ်တစ်စီးစီနှင့် ခွဲခြား သယ်ဆောင်ရမည်။ ( ဥပမာ– Backhoe ၏ မောင်းတံ၊ မြေကော်စသည်ဖြင့်)

(ထ) တင်သွင်းသည့် ယန္တရားများအတွက် လိုအပ်သည့်အာမခံမှု၊ အပိုပစ္စည်းများ (Spare Parts) ရောင်းချနိုင်မှု၊ ရောင်းချပြီးနောက်ပိုင်းပြင်ဆင်မှုများ (After Sale Services) ကို ဆောင်ရွက်နိုင်မည့်အလုပ်ရုံ တည်ထောင်မှုတို့ကို ဆောင်ရွက် နိုင်သူ ဖြစ်ရမည်။

( ဒ ) ယန္တရားအရောင်းပြခန်း ပြုလုပ်မည့် မြေဧရိယာ၏ အကျယ်အဝန်းသည် (၃) ဧကအောက်ဖြစ်ပါက ယာဉ်ယန္တရားသိုလှောင်နေရာ၊ ယာဉ်ယန္တရား စက်ပြင် အလုပ်ရုံနှင့် ယာဉ်ယန္တရားအရောင်းပြခန်းနေရာ (၃) ခုပေါင်း၏ ဧရိယာသည် အနည်းဆုံး (၃) ဧက ရှိရမည်။

( ဓ ) စက်ယန္တရားများ ပြုပြင်ရန်လိုအပ်သော ပစ္စည်းအပြည့်အစုံပါသော ယာဉ်ယန္တရား စက်ပြင်အလုပ်ရုံ (Workshop) သည် အနည်းဆုံး (၅၀၀၀) စတုရန်းပေရှိရမည်။

( န ) အရောင်းပြခန်းဖွင့်လှစ်သည့်နေရာသည် မြို့တွင်းဧရိယာ (Down TownArea) ၏ ပြင်ပတွင် ဖြစ်ရမည်။

( ပ ) အရောင်းပြခန်း တည်ရှိရာမြေသည် မိမိပိုင်မြေဖြစ်လျှင် ကုမ္ပဏီဒါရိုက်တာ တစ်ဦးဦး၏ အမည်ပါရှိသည့် မူရင်းဂရန်အထောက်အထား ရှိရမည်။

( ဖ ) အကယ်၍ မြေငှားဖြစ်လျှင် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တံဆိပ်ခေါင်းကပ် မှတ်ပုံတင်ထားသည့် အနည်းဆုံး (၃) နှစ် သက်တမ်းရှိသည့် မြေငှားစာချုပ် မူရင်းအထောက်အထား တင်ပြရမည်။

( ဗ ) အရောင်းပြခန်းဖွင့်လှစ်မည့်နေရာနှင့် သိုလှောင်ရုံသတ်မှတ်ချက်သည် မော်တော် ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သော စံနှုန်းသတ်မှတ်ချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရမည်။

(ဘ) ယန္တရားအရောင်းပြခန်းနှင့် သိုလှောင်ရုံနေရာသည် ယင်းအရောင်းပြခန်း ဖွင့်လှစ်မည့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ တည်ရှိရမည်။

( မ ) ယန္တရားအရောင်းပြခန်း ဖွင့်လှစ်ခွင့်ရရှိသည့် ကုမ္ပဏီသည် ခွင့်ပြုထားသော ယန္တရားတင်သွင်းခွင့်လိုင်စင်ကို အခြားသူတစ်ဦးသို့ လွှဲပြောင်းရောင်းချခြင်း မပြုရ။

(ယ) အရောင်းပြခန်းများမှ ရောင်းချသည့်လုပ်ငန်းသုံး ယန္တရားများအား ဝယ်ယူအသုံးပြုသူသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ဝယ်ယူခွင့်ပါမစ်ရရှိပြီးမှသာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ခြင်း ဆောင်ရွက်ရမည်။

(ရ) ရောင်းချမည့်ကုမ္ပဏီအမည်၊ ရောင်းချသည့် စက်ယန္တရား/ ယန္တရားအမှတ်တံဆိပ် အမျိုးအစား၊ ရောင်းချသည့်အရေအတွက်၊ အသုံးပြုမည့်လုပ်ငန်းတည်ရှိရာဒေသ၊ ရောင်းချမည့်ကုမ္ပဏီ၏လုပ်ငန်းအမျိုးအစား (တူးဖော်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေး လုပ်ငန်း) စသည့်ဖြင့် ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ နှစ်စဉ် အစီရင်ခံစာ (Annual Report) တင်ပြရမည်။

(လ) ယန္တရားအရောင်းပြခန်းဖွင့်လှစ်သည့် ကုမ္ပဏီသည် အရောင်းပြခန်းတွင် (၃) နှစ် အတွင်း မရောင်းရသော ယန္တရားများကိုဖြစ်စေ၊ လုပ်ငန်းရပ်ဆိုင်း၍ ကျန်ရှိနေသော ယန္တရားများကိုဖြစ်စေ ဆိပ်ကမ်းရောက်ရှိပြီး (၃) နှစ်အတွင်း စာရင်းရှင်းလင်းခြင်း၊ မှတ်ပုံတင်ခြင်းတို့ကို အပြီးဆောင်ရွက်ရမည်။

(ဝ) ယန္တရားအရောင်းပြခန်းတွင် ရောင်းချရန် တင်သွင်းခဲ့သည့် ယန္တရားများနှင့် စပ်လျဉ်း၍ ထားရှိရမည့် စာရွက်စာတမ်း၊ လယ်ဂျာစာရင်းစာအုပ်စသည်တို့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖြစ်စေ၊ ဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသော အဖွဲ့အစည်းကဖြစ်စေ အခါအားလျော်စွာ ဝင်ရောက် စစ်ဆေးခြင်းကို သက်ဆိုင်ရာလုပ်ငန်းရှင်မှ ခွင့်ပြုရမည်။

(သ) အရောင်းပြခန်းလက်မှတ်၊ စီးပွားရေးအကျိုးဆောင် မှတ်ပုံတင်လက်မှတ်တို့ကို သက်တမ်းမကုန်မီ ၉၀ ရက် ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထား နိုင်ပြီး ထိုသို့လျှောက်ထားရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးသည့် အခွန်ပေးဆောင်ပြီးကြောင်း အထောက်အထားပါရှိရမည်။

၃။ အပိုဒ် ၂ ပါ စည်းကမ်းချက်များအား လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်။

(ပုံ) ဒေါက်တာပွင့်ဆန်း
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ် ၊ စက - ၁၁/၂-၃၇/၂၀၂၁ ( ၃၂ )
ရက်စွဲ ၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၈ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအုပ်ချုပ်မှုရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး / ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အတွင်းရေးမှူး ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မူပိုင်ခွင့်ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းတွင်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေညာပေးပါရန်
မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း
မြန်မာနိုင်ငံတရားဝင်အသိအမှတ်ပြုမော်တော်ယာဉ်ဖြန့်ဖြူးရောင်းချသူများအသင်း
ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
( ညီနောင်အသင်းများထံထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ )

အမိန့်အရ

( မင်းမင်း )
အမြဲတမ်းအတွင်းဝန်